# Bibliographic Data

| | | | | |
|---|---|---|---|---|
| **Author** | ရီရီ ၊ ဒေါက်တာ | Yi Yi , Dr. | Ri¯ Ri¯ , Dok' ta¯ | **Art.** YI0015 |

**Article Title** အရေးတော်ပုံကျမ်းများ ပြဿနာ
The Problem of the Texts of Historical Account of Royal Campaign
A re" to' pum kyam'" mya¯" pra ssa na¯

**Title (Book/Serial)** ကန်သာစိမ်းလဲ့ စာတမ်းများ
Kanthaseinlai Papers

**Issue and Volume**

**Edition**

**Place/ Publisher** မင်းလှစာပေ
Min Hla Sarpay

**Distributor**

**Ed. Date** 1969

**Pagination** p. 30 - 62

**Annotation** This paper was read 24th December 1967 before the Kanthaseinlai (Green Lake) Group. It describes problems in the Ayedawbon texts which were historical accounts of a royal campaign. Some texts' were not clear and some were not actual historical accounts of royal campaigns. Five Ayedawbon texts are important in Myanmar history: -
1) Danyawady
2) Razadarit
3) Hanthawady Shinbyushin
4) Nyaungyan
5) Alaungpaya

**Subject Terms**
1. Myanmar - history - Hanthawaddy Period
2. Myanmar - history - Nyaungyan Period
3. Myanmar - history - Alaungpaya Period

**Key Words**
1. Historical account of the Royal Campaign
2. Alaungpaya , King
3. Rajadarit, King

# အရေးတော်ပုံကျမ်းများပြဿနာ

“မြန်မာစာကို လေ့လာလိုက်စားသူတိုင်း အရေးတော်ပုံ ငါးစောင်တွဲကို ဖတ်ဘူးကြမည်။ မြန်မာ ရာဇဝင်ကို ဝါသနာ တူသူတို့လည်း ထိုငါးစောင်တွဲကို လက်လွတ်ခဲ့ကြမည် မဟုတ်” ဟု ပါမောက္ခ ဦးမောင်မောင်ကြီး ရေးသားခဲ့၏။ ထိုအရေး တော်ပုံများကို လေ့လာရာ၌ ပြဿနာများတွေ့ကြုံ ရပေသည်။ ယင်းတို့မှာ အရေးတော်ပုံအမည်ခံ ကျမ်းမည်မျှရှိသည်။ ယင်းတို့ တွင် အရေးတော်ပုံ အစစ်အမှန်မည်မျှ ရှိသည်နှင့် ထိုကျမ်းများ ကို မည်သူတို့ ရေးသားခဲ့သည်ပင် ဖြစ်၏။

အရေးတော်ပုံ အမည်ခံ ကျမ်းဦးရေကို ရှေးဦးစွာ တင်ပြပါ မည်။ လွန်ခဲ့သော အနှစ်လေးဆယ်ကျော်က အရေးတော်ပုံဟု ယူဆသည့် ကျမ်းငါးစောင်သာ တွေ့ရှိရသေးသဖြင့် သုဓမ္မဝတီ စာပုံနှိပ်တိုက်မှ ‘အရေးတော်ပုံငါးစောင်တွဲ’ ဟူ၍ (၁) ဓညဝတီ

---

၁။ စာမျက်နှာ ၂၇၅။ ‘မြန်မာမင်းများ အရေးတော်ပုံ ၅။

နှုန်းအားဖြင့် လက်ထက်တော်တွင်ဖြစ်သဖြင့် ကျွန်တော်ရင်းပီသသောရှိသေသမှု အသုံးအနှုန်းများကိုသာ သုံးနှုန်းမည် ဖြစ်သောကြောင့် အရေးတော်ပုံ နှစ်စောင်ကို နှိုင်းယှဉ်လေ့လာလျှင် (က)ပေမူသည်လက်ဝဲနော်ရထာ၏ အရေးတော်ပုံမူပင်ဖြစ်သည်ဟုဆုံးဖြတ်နိုင်လေသည်။[၁]

ဟု ဆိုခဲ့ပေသည်။ပုံနှိပ်မူတွင်-

အောင် သူ တ ကာ တို့၏ အထွတ်ဖြစ်တော်မူသော သဗ္ဗညုရှင်တော်ဘုရားသည် ဒီပင်္ကရာမြတ်စွာဘုရား ခြေရင်း၌ နိယတဗျာဒိတ်ကို ပန်ဆင်တော်မူသည်မှစ၍လေး အသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး အယုတ်၊ အလတ်၊အမြတ်အားဖြင့် ပါရမီသုံးဆယ်တို့ကို ဖြည့်ဆည်းပူးတော်မူသော...........[၂]

ဟူ၍ အစချီရကား မူရင်းကျမ်းအစဖြစ်သည်မှာ ထင်ရှား၏။ ပုံနှိပ်မူအဆုံးတွင်-

ထိုကမှ သားတော် မြေဒူးမင်းသခင်သီရိမွေ့ရာဇာတတပ်၊ ထိုကမှဘဝရှင်အလောင်းမင်းတရားဘုရားတပ်မတော်မှာ ရွှေတပ်၊ နောက်တပ် လက်ဝဲ လကျာ် တပ်စဉ်အတိုင်း (မုတ္တမ)ကျေးကင်းရွာသို့ရောက်တော်မူလျှင် မင်းတရားကြီးနတ်ပြည်စံတော်မူလေသည်။[၃]

---

၁။ အလောင်းဘုရားအရေးတော်ပုံ (နှစ်စောင်တွဲ) ၁၄။

၂။ အလောင်းဘုရားအရေးတော်ပုံ (နှစ်စောင်တွဲ) ၁။

၃။ ယင်း ၁၅၂။

ဘုပါသဖြင့်'ပေမူ၌ အဆုံးချုပ်ပျောက်နေသည်' ဟု ဦးလှတင်ဆို သော်လည်း ကျမ်းအနေဖြင့်ပြီးဆုံးပြီဟု ယူသော်ရပေသည်။ ဤ ကျမ်းတွင် ဘုမ်းပြီး သက္ကရာဇ်နှင့် ကျမ်းရေးပုဂ္ဂိုလ် အမည်ကို ဖော်ပြခြင်းမရှိချေ။

'ပိဋကတ်သမိုင်း'တွင် အလောင်းမင်းတရားကြီးအရေးတော် နှစ်စောင်ကို လက်ဝဲနော်ရထာနှင့် တွင်းသင်းမင်းကြီးတို့ ရေးခဲ့ သည်ဆိုလေသည်။ "အောင်သူ တကာတို့၏ အထွတ် ဖြစ်တော်မူ သော" ချီကျမ်းကို ဦးလှတင်ကလက်ဝဲနော်ရထာ ရေးသည်ဟု ဆိုသော်ငြားလည်း လက်ဝဲနော်ရထာရေး"အလောင်းမင်းတရား ကြီး အရေးတော်ပုံ" အထင်အရှား ရှိနေသဖြင့် မဖြစ်နိုင်ချေ။ ၎င်း ပြင် အင်း ဝ မင်း တို့ အစဉ်ကို ဆိုပြီး၍ချီ ကျမ်းမှာ လည်း "မဟာရာဇဝင်သစ်" ၏ တစိတ် တ ဒေ သ ဖြစ်တန်ရာသဖြင့် ဤ'အောင်သူတကာတို့'ချီအရေးတော်ပုံသည်တွင်းသင်းမင်းကြီး ရေးသည့် အလောင်းမင်းတရားကြီး အရေးတော်ပုံ ဖြစ်သည်ဟု ပါမောက္ခဦးမောင်မောင်ကြီးကဲ့သို့ပင် ယူဆရပေတော့သည်။ ဤကျမ်းသည်အရေးတော်ပုံအစစ်အမှန်ဖြစ်ပေသည်။

'ဟံသာဝတီဆင်ဖြူရှင်အရေးတော်ပုံ" အမည်ခံကျမ်းကိုလက် ဝဲနော်ရထာပြုစုစီရင်သည်ဟု'အရေးတော်ပုံငါးစောင်တွဲ'နိဒါန်း၌ဖော်ပြထား၏။ ပုံနှိပ်မူတွင်—

ဘုရားကိုရှိခိုး၍ကြာတိုက်၌ဖြစ်သောအားဖြင့်၊အဲလွန် ကောင်းမွန်စွာလှသော ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင် နှင့်တကွသောမဂ်လေးတန်ဖိုလ်လေးတန်၊နိဗ္ဗာန် တည်းဟူ သောတရားတော်အပေါင်းကို၎င်း၊ထိုသို့ကျေးဇူးအပေါင်း

နှင့်ပြည့်စုံတော်မူသောသခင်ဘုရား၏။ တပည့်သားတော် အရိယာသံဃာတို့၏အပေါင်းကိုလည်းကောင်း၊ အလွန် ရိုသေစွာရှိခိုးဦး၍၊

ရေနှင့် မြေကိုအစိုးရတော်မူသော (သီရိတြိဘဝနာဒိတျာပဝရပဏ္ဍိတသုဓမ္မရာဇာ မဟာဓိပတိ) ဖြစ်တော်မူသောရွှေနန်းသခင် ဆင်ဖြူများရှင်၊ ရွှေတွင်းငွေတွင်းပတ္တမြားတွင်သခင် ဘဝရှင်မင်းတရားကြီးသည် ဇမ္ဗူဒီပါမြေအပြင်တွင် တရားတပါးသော လူမျိုးတို့၏ ပျော်ရာဖြစ်သောဟံသာဝတီ ရာဇဌာနီပြည်မြတ်၌ နေတော်မူ၍အကျန်းကျွန်း သော ပြည်ကြီးများကိုနှိမ်နင်းစိုးအုပ်လိုသော ငှါ၊ သုတ်သင် တီထွင်လုပ်ကြံ၍ အောင်တော် မူသော အခါ မှူးကြီး မတ်ကြီးများနှင့် တိုင်ပင်တော်မူ၍ အရေးသင့်ရာ လျှောက်သည်ကို လိုက်နာတော်မူ၍ အောင်မြင်တော်မူဘူးလေသောပုံစံနည်းနာတို့ကိုဆိုပေလတံ့။[၁]

ဟုချီထားရာမူရင်း 'ဟံသာဝတီဆင်ဖြူရှင်အရေးတော်ပုံ' အစဖြစ်တန်ရာသည်။ ပုံနှိပ်မူအဆုံးတွင်—

ဘဝရှင်မင်းတရားကြီလည်း သိန်းခိုမင်းသမီးကိုလက်ဆောင်ပို့လှာပြီဟူ၍ ကြားတော်မူလျှင် အလွန်တရာအားရ ရွှန်လန်းတော်မူလှ၍ ရှေးမင်းတကာတို့လက်ထက်သိန်းခိုကျွန်းက သမီးကညာ ရောက်ဖူးသည် ဟူ၍မရှိ၊ ငါ၏ဘုန်းလက်ရုံးအာဏာစက်ကြောင့် သမုဒ္ဒရာပင် ခြားလေ

---

၁။ 'မြန်မာမင်းများအရေးတော်ပုံ' ၃၂၁။

> သောအရပ်ကရောက်လာရသည်ဟူ၍....ပုသိမ်ဆိပ်ကသည်
> ရွှေမြို့တော်သို့တင့်တယ်စွာဆောင်ယူခဲ့၍ ရွှေနန်းတော်အ
> တွင်း၌ စကြဝတေးမင်း၏စမ္ပါယ်ခြင်းကဲ့သို့ရွှေနန်းတော်
> အတွင်းကိုယ်လုပ်တော်အဖြစ်ဖြင့် လုပ်ကျွေးစေလေ၏။

ဟုဖော်ပြထားရကား မူရင်းကျမ်းအဆုံးမဟုတ်သည်မှာ ထင်ရှားလှ၏။ထို့ပြင်ကျမ်းပြီးသက္ကရာဇ်နှင့်စာဆိုကိုလည်းစာကိုယ်၌ဖော်ပြခြင်းမရှိချေ။

'ဤဟံသာဝတီဆင်ဖြူရှင်အရေးတော်ပုံ' ကိုမည်သည့် စာဆိုရေးသည်ကိုစဉ်းစားကြံဆရပေမည်။ 'အရေးတော်ပုံငါးစောင်တွဲ' နိဒါန်း၌ ယင်းကျမ်းကိုလက်ဝဲနော်ရထာ ပြုစုသည် ဆိုငြားသော်လည်းရေးသားပုံမှာလက်ဝဲနော်ရထာ၏ လက်ရာနှင့်မတူချေ။ ဤကျမ်းတွင်အခန်း ငယ်များအဆုံး၌ အရေးတော်ပုံ တပုံပြီး၏ ဟူသောအရေးအသားမျိုးကိုတွေ့ရ၏။ဥပမာ—

> ဇေယျာဝတီတပ်တော်သာသို့ရောက်တော်မူသောအရေး
> တော်ပုံတပုံပြီး၏။
> တောင်ငူမြို့ကိုအောင်မြင်တော်မူသောအရေးတော်ပုံတပုံ
> ပြီး၏။
> သရေခေတ္တရာပြည်မြို့ကိုအောင်မြင်တော်မူသော အရေး
> တောပုံတပုံပြီး၏။
> မြစ်စဉ်တလျှောက် အရှေ့ဖက် အနောက်ဖက် မြို့များကို
> အောင်မြင်တော်မူသောအရေးတော်ပုံတပုံပြီး၏။

---

၁။ မြန်မာမင်းများအရေးတော်ပုံ ၃၉၅။

ဘဝရှင်မင်းတရားကြီးစစ်သည်တော်များလည်းငြိမ်းချမ်း
သာယာစွာနိုင်၍ ပြန်ခဲ့ရသောအရေးတော်ပုံ တပုံပြီး၏။
သမိန်ထောဟူသော ရာမညမင်းကို အောင်မြင်တော်
မူသောပွဲတော်ဦးအရေးတော်ပုံပြီး၏။[၁]

ဤအရေးအသားမျိုးသည် "အောင်သုတကာတို့၏အထွတ်ဖြစ်တော်မူသော" ချီအလောင်းမင်းတရားကြီး အရေးတော်ပုံ" ၌ ရေးသားပုံ နှင့်ဆင်တူရိုးမှားဖြစ်နေပေသည်၊ ဥပမာ-

၁၁၁၄-ခု ဝါခေါင်လဆန်း ၅ရက်နေ့ ရွှေပေါင်းလောင်ဟူသောအရပ်တွင်တလိုင်းတို့ကို အောင်မြင်တော်မူသောအရေးတော်တပုံကားပြီး၏။

ဝါခေါင် လပြည့်ကျော် ဆယ်ရက်နေ့ ညောင်လှဟူသောအရပ်တွင်တလိုင်းတို့ကို အောင်မြင်တော်မူသောအရေးတော်တပုံကားပြီး၏။

နတ်တော်လဆန်း ၈ ရက်နေ့ခင်ဦးတပ်ကိုအောင်မြင်တော်မူသောအရေးတော်တပုံကားပြီး၏။

နတ်တော် လပြည့်ကျော် ငါးရက် ငါးစို့ ဟူသောအရပ်တွင် တလိုင်းတို့ကို အောင်မြင်တော်မူသောအရေးတော်တပုံကားပြီး၏။[၂]

ထို့ကြောင့်"ဟံသာဝတီဆင်ဖြူရှင်အရေးတော်ပုံ"အမည်ခံအရေးတော်ပုံစစ်ကိုတွင်းသင်းမင်းကြီးရေးတန်ရာသည်ဟုယူဆမိ၏။

---

၁။ မြန်မာမင်းများအရေးတော်ပုံ ၃၂၃-၃၃၃။
၂။ အလောင်းဘုရားအရေးတော်ပုံ(နှစ်စောင်တွဲ) ၃၀-၃၆။

'ညောင်ရမ်းမင်း အရေးတော်ပုံ" ဤအရေးတော်ပုံကို မြင်းခုံတိုင်မြို့စားတရားသူကြီးမဟာအတုလဓမ္မကရာဇာ ရေးသည်ဟု'အရေးတော်ပုံငါးစောင်တွဲ' နိဒါန်းတွင် ဆိုထား၍ဆရာကြီးဦးဖေမောင်တင်နှင့် ပါမောက္ခ ဦးမောင်မောင်ကြီးတို့ကလက်ခံနေ၍ရထားရေးတန်ရာသည်ဟု ယူဆကြ၏။ ပုံနှိပ်မူတွင်—

သက္ကရာဇ် ကိုးရာ့ငါးဆယ့်ကိုးခု ဟံသာဝတီကို တောင်ငူဘုရင်နှင့် ရခိုင်ဘုရင်ဝန်းရံ၍လုပ်ကြံတော် မူကြလျှင် ဆင်ဖြူများရှင် ဘဝရှင် မင်းတရားကြီး ဘုရားနိုင်ငံတော်ဖြစ်သော တိုင်ကြီး ပြည်ကြီး အပေါင်း ထီးဆောင်းမင်းတကာ တို့သည် အသီးသီး ခြားနား ကြလေသည်။ ယင်း သောအခါ ညောင်ရမ်း ဘုရား လည်း ညောင်ရမ်းမြို့ကိုအခိုင်အလုံပြု၍နေတော်မူသည်။

ဟု ချီထားရကား မူရင်းကျမ်းအစမဟုတ်ချေ။ပုံနှိပ်မူအဆုံးတွင်—

သေနတ်သင့်၍ ထားဝယ်စားဆုံးမှ ဆင်လည်၍ ပြေးသည်ဟူ၍ လျှောက်လျှင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ဆုပေးတော် မမူသာသေး။ ထားဝယ် စားကုန်လယ်စီးကို စစ်ဘိဦး အမိန့်တော်ရှိ၍ စစ်ရသော် 'စွယ်ချင်းရှက်လျှင်ပင် သေနတ်သင့်သည်။ သို့မှ ဆင်လည်၍ပြေးလေတော့သည်' ဟူ၍ လျှောက်လျှင် နှစ်ယောက်ကိုပင် အထိုက်အလျောက် ချီးမြှင့်တော်မူသည်။ [၂]

---

၁။ မြန်မာမင်းများအရေးတော်ပုံ ၃၉၉။
၂။ 'ယင်း' ၄၄၃။ 'မဟာရာဇဝင်ကြီး' တတိယအုပ် ၁၇၀။

ဖော်ပြ လေရာ မူရင်းကျမ်း အဆုံးမဟုတ်သည်မှာ ထင်ရှားပေသည်။ ထို့ပြင် စာကိုယ်၌ ကျမ်းပြီး သက္ကရာဇ်နှင့် စာဆိုအမည် လည်း မရှိပါချေ။

'ညောင်ရမ်းမင်း အရေးတော်ပုံ' အမည်ခံကျမ်းသည်သက္ကရာဇ် ၉၅၉ ခုမှစ၍ ၉၇၅ ခုတွင်ဆုံးသွားသည်။ ညောင်ရမ်းမင်းနန်းသက်မှာ ၉၅၉ မှ ၉၆၇ ခုအထိဖြစ်၍ ၎င်းသားတော် အနောက်ဖက် လွန်မင်းတရား နန်းစည်းစိမ်မှာ ၉၆၇ မှ ၉၉၀ အထိဖြစ်လေရကား 'ညောင်ရမ်းမင်းအရေးတော်ပုံ' အမည်ရှိသော ကျမ်းမှာ ညောင်ရမ်းမင်း လက်ထက် အလုံးနှင့် အနောက်ဖက်လွန်မင်းလက်ထက် တစိတ်တဒေသ ဖြစ်နေ၏။ ဤကျမ်း၏ ရင်းမြစ်ကို ရှာဖွေသော် ဦးကုလားရေး 'မဟာရာဇဝင်ကြီး' တတိယအုပ်မှသတ္တရသမတွဲတတွဲလုံး၊ အဋ္ဌရသ မတွဲအစနှင့် တွင်းသင်းမင်းကြီး ပြုစုစီရင်သော 'မဟာရာဇဝင်သစ်' တွင် ကိုးကားထားသည့် 'မင်းရဲဒိဗ္ဗချောင်း' မှ အဖွဲ့အနွဲ့များ ပေါင်းစပ်မှု ဖြစ်ပေသည်။ ထိုကြောင့် ဤ 'ညောင်ရမ်းအရေးတော်ပုံ' အမည်ခံကျမ်းမှာ မြင်းခုံတိုင်မြို့စား တရားသူကြီး မဟာ အတုလဓမ္မိက ရာဇာသော်၎င်း၊ လက်ဝဲနော်ရထာသော်၎င်း ရေးသည့် အရေးတော်ပုံ မဟုတ်ချေ။ ပုဂ္ဂိုလ်တဦး တယောက်၏ ရာဇဝင် စုဆောင်းချက်မျှသာ ဖြစ်ပေသည်။ ထင်ရှားစေရန် ဥပမာနှင့် ပြပါမည်။

> ထိုသက္ကရာဇ်တွင် တောင်ငူဘုရင်က ရမည်းသင်းမြို့ကို အခိုင်အလုံ ဝင်နေကြောင်းကို ကြားတော် မူလျှင် မောင်အိမ်ရှေ့မင်း အလုံးအရင်းနှင့် အလျှင်ချီ၍ လုပ်ကြံ ချေစေတော်မူသည်။ သားတော် အိမ်ရှေ့ မင်းလည်း

ရမည်းသင်းမြို့ကို ကျွန်တော်ရအောင် လုပ်ကြ၍ ဆက်မည်လျှောက်ပြီးလျှင် ဘယကျော်ထင်တပ်မှူးနန္ဒပကြံစစ်ကဲ၊ သီရိဇေယ နော်ရထာ တပ်မှူး၊ ထော်နိုင်း ရဲစစ်ကဲ။ ဘယ ကာမဏိတပ်မှူး၊ နတောင်မျှားစစ်ကဲ၊ သက်ရှည်ကျော်ထင်ရည်တပ်မှူး၊မဟာပုံချီစစ်ကဲ၊ရာဇသင်္ကြံ တပ်မှူး၊ လကျ်ာဘိနန်းသူစစ်ကဲ။ သားတော်အိမ်ရှေ့ မင်းတပ်တွင် လက်ဝဲစည်သူနှင့် ဘယသင်္ကြံ ကိုစစ်ကဲခန့်တော်မူသည်။ သည်ခြောက်တပ်တွင် ပါသည့်တိုက်ဆင်နှစ်ရာ၊ မြင်းသုံးထောင်၊ စစ်သည်ရဲနှစ်သောင်းနှင့်သက္ကရာဇ် ကိုးရာ့ ခြောက်ဆယ့်နှစ်ခု တန်ဆောင်မုန်းလဆန်းတရက်နေ့ချီတော်မူသည်။ ရောက်တော်မူလျှင် ဆင်တော် သီရိနာဂကို စီးတော်မူ၍ ရမည်းသင်းမြို့လည်၍ ကြည့်တော်မူသည်။ မြို့၏လက္ခဏာကိုမြင်တော်မူလျှင် တပ်မချနှင့်၊ ယခုပင် ငါတိုက်တော်မူမည် အမိန့်တော်ရှိသည်။ တပ်မှူးစစ်ကဲ အပေါင်းတို့လည်း အလိုတော်သို့လိုက်၍ ဆင်မြင်းကပြီးလျှင် မြို့သို့ချဉ်း၍ ရှုပ်ရှုပ်ခွံခွံ လုပ်ကြံရသည်။ တခဏချင်းပျက်၍ တမြို့လုံးကိုရတော်မူသည်။ ယင်းသို့မှ ဘယနန်းသူကို အလုံးအရင်းနှင့် အစောင့်အနေခန့်တော်မူ၍ ရတော်မူသည့် ဆင်သုံးဆယ်၊ မြင်းခြောက်ဆယ်၊ ရှမ်းပိုက်ကောင်ဟန် တထောင်ကျော်၊ တလိုင်းတထောင်ကျော်ကိုယူ၍ ပြန်တော်မူသည်။ ရောက်လျှင် ရသည့် ဆင်မြင်းသုံ့ပန်းကိုဆက်သည်။ ခမည်းတော်ဘုရားအားရတော်မူ၍ စားတော်ကွမ်းခွက်၊စားတော်လက်ဖက်၊ အိုး

သောက်ရေတာကောင်း၊ ဘုန်းတောက်ပဟူသော ဆင်ကို ဆုပေးတော်မူသည်။

သည်ကို ရည်၍ 'တက်ဘုန်းနှံ့မြောက်၊ ကြွားတိုင်းကြောက်သား၊ ထွန်းတောက်နှုတော်၊ သောင်းမြေပေါ်ထက်၊ ဘိုးတော်စောထွတ်၊ ဘနေနွတ်အား၊ မလွတ်ဟျင်းတျင်း၊ ရမည်းသင်းကို၊ မကြွင်းသိမ်းခြေ၊ မိန့်တော် စေသော်၊ ဗိုလ်ခြေလုံးရင်း၊ ဆင်မြင်းပင်ပန်း၊ စခန်းမထောက်၊ ရောက်လေ ချွံချ၊ တိုက်လုပ်ကြံ၍။ မခံနိုင်ချေ၊ ပျက်ကျေမြို့လုံး၊ ယူကြုံးသို့ ပန်း၊ ရှင်လန်းရဲမက်၊ ပြည့်နှက်ဖြိုးမျှ၊ လက်ရပည်းဖြင်၊ အတင်တင်တည့်၊ ရင်ပြင်ရွှေမောက်၊ ဆက်လာရောက်က၊ မိုးအောက်လူတွင်၊ ဘယ်ဘုရင်၏၊ ရင်ခွင်သီးခြား၊ ဘယ်မင်းသားသည်၊ ပျိုထွားနှုမြစ်၊ ဆယ့်ငါးနှစ်က၊ ခုနှစ်အင်္ဂါ၊ ကိရိယာလက်နက်၊ ပြည့်စုံလျက်သား၊ ရခက်ခဲလှ၊ မြို့ကိုမျှလျှင်၊ ဒီပတန်ဆောင်၊ သို့စင်အောက်သည်၊ ရဲခေါင်ရှည်ကြူး၊ မကြွားဘူးဟု၊ ပျုံ့ပျူးကြိုင်စွန်း၊ မိန့်တော်ပန်းဖြင့်၊ ထူးဆန်းများမြောင်၊ ဘိုးထွတ်ခေါင်သည်၊ ခြောက်ထောင်တည့်ဆုပေး မုန် စွေးစွေး"ဟူ၍ မင်းရဲဒိဗ္ဗချေင်းတွင်[၂] စပ်လေရာမှာ ရမည်းသင်းကို လုင်ကြံတော်မူသော သက္ကရာဇ်ကား ကိုးရာ့

---

၁။ 'မြန်မာမင်းများ အရေးတော်ပုံ' ၄၀၄။ 'မဟာ ရာဇဝင်ကြီး' တတိယ အုပ် ၁၂၀-၁။

၂။ 'မင်းရဲဒိဗ္ဗ ချေင်း' ပိုဒ်။

ခြောက်ဆယ့်နှစ်ခု ဖြစ်သည်။ အိမ်ရှေ့ မင်း ဖွားတော်မူသော သက္ကရာဇ်ကား ကိုးရာ့သုံးဆယ့်ကိုးခု ဖြစ်သည်၊ ထွက်သော် နှစ်ဆယ့်သုံးနှစ်ဖြစ်သည်။သို့ကိုရှင်သံကိုသည် သက်တော် တဆယ့်ငါးနှစ် စပ်လေရာ အရေး အသား ပျက်သည်သာ ဖြစ်သည်။

ဂ္ဂင်းသက္ကရာဇ် တပို့တွဲ လဆန်း လေးရက် စနေနေ့၊ ညောင်ရွှေသို့ချီတော်မူသည်၊ တပ်စဉ်ကား ဘယကာမဏိ တတပ်၊ ရာဇသင်္ကြံတတပ်၊ သီရိဇေယျနော်ရထာတတပ်။ သီဟပတေ့တတပ်၊သီရိမွှာသောကတတပ်၊ သားတော် အိမ်ရှေ့မင်းတတပ်၊ ဘဝရှင်မင်းတရားမှာ နောက်တပ်မ ပြု၍ ချီတော်မူသည်။ သည်ခုနှစ်တပ်တွင် ပါသည့် တိုက် ဆင်သုံးရာ၊ မြင်းလေးထောင်၊ စစ်သည်သူရဲ သုံးသောင်း ငါးထောင်နှင့် ချီတော်မူသည်။ ညောင်ရွှေသို့ မရောက် ခင် တတိုင်ကျော်ခန့်တွင် ညောင်ရွှေ စော်ဘွား အလုံး အရင်းများနှင့် ကြို၍တိုက်လာသည်။ မြင်းလေးထောင် နှင့်ရှေ့ချီစေသော နန္ဒပစ္စည်းတို့မြင်းတပ်ပျက်၍သုံးစု တစု သာခံချေသည်။ မြင်းတပ်ပျက်၍ ပုခန်းသီဟပတေ့တပ် တိုင်းအောင် ပေါက်လာလေသည်။ သီဟပတေ့ လည်း ကြံ့ကြံ့ခံ၍ နေသည်။ အိမ်ရှေ့မင်းတပ်သို့လည်း ရှေ့ တပ်ပျက်ကြောင်းကို လျှောက်ထားရသ[illegible] ကြားတော် မူလျှင် ဆင်တော် ဘုန်း တောက် ပကို စီးတော် မူ၍

၁။ 'မဟာရာဇဝင်သစ်' လူကျော်-လေ ဝမ်း။

ညောင်ရမ်းပါ လက်နက်ကိုင် အတရော်စု၊ တစ်စုတက်တူရနောင် သေနတ် လုလင်လက်ဝဲ ရွှေခေးလကျာ ရွှေထားသည် ကျွန်တော်အစုသားတို့နှင့်သာ ဆင်တော်ကို အပြင်းတိုး၍ တိုက်တော်မူသည်။ ညောင်ရွှေ စော်ဘွား တပ်ပျက်၍ ဆုတ်လေ၏။ အိမ်ရှေ့မင်းလည်း တက်၍ တိုက်တော်မူသည်။ စော်ဘွားမြို့သို့ ဝင်၍ ခံမည် စီရင်သည်ကို မခံရအောင် အဆောတလျင် လုပ်ကြံတော်မူသည်။ မြို့တံခါးမပိတ်ခင် ဝင်တော်မူလျှင် စော်ဘွားကိုယ်နှင့်တကွ သုံးဆယ့်ကိုးလုံး မိုင်းကို အစိုးရသောညောင်ရွှေမြို့အလုံးကို ရတော်မူသည်။ ခမည်းတော်ဘဝရှင် မင်းတရားကြီးလည်း နောက် ရောက်တော်မူလာလျှင် သားတော်ကို လူပျို လူရွယ်ပီသည်။ မသင့်၍ ပြောင်း သေနတ်ထိခဲ့သော်၊ မခက်ခဲလောဟူ၍ အမိန့်ရှိသည်။ သားတော်အိမ်ရှေ့မင်းလည်း သင်းတို့ရမ်းမျှကိုရပ်ရပ်နေ နေမျှော်တင်း၍လုပ်ကြံရမည့်အကြောင်းမရှိသောကြောင့် ကျွန်တော် အလျင်တိုက်ပေသည်ဟူ၍ လျှောက်ပြီးလျှင် စော်ဘွားနှင့်တကွ သားမယားကို ဆက်သည်။ ခမည်းတော်ဘုရားလည်း စော်ဘွားမှစ၍တမြို့လုံးကိုသစ္စာတော်ပေးရသည်။ ယင်းသည်မှ ဆင်ကောင်း၊မြင်းကောင်း၊သူရဲခက်ကောင်းတို့ကို သိမ်းယူတော်မူ၍ ပြန်တော်မူသည်။ '

---

၁။ 'မြန်မာမင်းများအရေးတော်ပုံ' ၄၀၅။ 'မဟာရာဇဝင်' တတိယ အုပ် ၁၂၁။

သည်ကိုရည်၍ "ဘာဝသခင်၊ တို့နတ်ရှင်နှင့်၊ နေ့သွင်
ကျက်သရေ၊ အိမ်ရွှေနေသား၊ သပြေလွတ်ကျော်၊ ခမည်း
တော်လျှင်၊ ရှမ်းဆော်အောင်စည်၊ စစ်သည်ရဲမက်၊ လက်
နက်ထွေပြီး၊ ညိုးညိုးညီးတီ၊ စစ်ကြီးသာဘင်၊ ချီရာတွင်
၌၊ သူ့ဆင်စီထပ်၊ တို့ရှေ့တပ်လည်း၊ ရှပ်ရှပ်ပျက်၏၊
လျှောက်လာတည့်က၊ သို့သည့်အခါ၊ ဤအရာတွင်၊ စကြာ
နန်းဆက်၊ ငါ့ရှိလျက်ကို၊ စက်စက်မုန်ဦး၊ ရှေ့နောက်
ဂူသား၊ ပြောင်လူးနတ်သ။ မျိုးနာဂထောက်၊ ရှင်ဖဘုရား၊
ကြိုးစားဝှန်သည်၊ တစီးတည်းလျှင်၊ ကြည်းမျှမြေမိုး၊
ပြတ်ကြိုးတနန်း၊ တိုက်လှင့်ထွန်းက၊ ဖြန်းဖြန်းပြိုကွဲ၊ ပြေး
လွဲထောင်းထောင်း၊ မြေမိုးစောင်းမျှ၊ ရိုက်မြောင်းတင့်
ခေါင်၊ စီးတည်းအောင်သည်၊ ရံနောင်တည့်စံ တပြေး
နန်းကြွသွေး" ဟူ၍ မင်းရဲဒိဗ္ဗချောင်းတွင် စပ်လေသည်။

'မဏ္ဍိမဒေသ အရေးတော်ပုံ' အမည်ခံကျမ်းမှာပုံမနှိပ်ရသေး
သော ဒွါရာဝတီမြို့ဝန်မင်း၊ နေမျိုးဇေယျကျော်ထင် သက္ကရာဇ်
၁၁၇၅ ခုတွင် ပြုစုသော ကျမ်းပင်ဖြစ်သည်။ ကျမ်းဦးတွင် "ရန်
အောင်ရသော အကြောင်းငါးပါး" ကို ရာဇာနီတိ ကျမ်းလာ
အတိုင်း ဖော်ပြပြီးနောက်—

အမရပူရမြို့တော်သည်ဆဒ္ဒါန်ဆင်ပေါက်ထီး၊ ပေါက်
မနှစ်စီး သခင်မင်း တရားကြီး ဘုရား လက်ထက် တော်၊

---

၁။ မြန်မာမင်းများအရေးတော်ပုံ ၄၀၆။ 'မဟာရာဇဝင်သစ်'
လေ-ရကျော။

သက္ကရာဇ် ၁၁၄၆ ခုနှစ် ရက္ခပုရတိုင်း၊ အယုဇ္ဈပုရတိုင်း စသော ဓညဝတီ ရခိုင်ပြည်ကြီးကို အလိုတော်ပြည့်လျှင် အနောက်ကုလားပြည်၊ ဘင်္ဂလား၊ကာလကတ္တား၊ ဂုမ္ဘဏီ စစ်သူကြီးတို့နှင့် အရေးရှိသမျှ အကြောင်း တို့ကို လည်း ကောင်း၊ မဇ္ဈိမတိုင်းပြည်သို့ အရည်ပညာရှိသော မှူး တော်မတ်တော်တို့ကို စေလွှတ်တော်မူ၍ အနောက်ပြည် မင်းတို့နှင့် စကားအရေးအကြောင်း သင့်တင့်လျောက် ပတ်စွာ မနိမ့်မမြင့်စေရ ပြောဆိုပြီးမှ ပိဋကတ် ကျမ်းဂန် စာပေကို ရွှေဘဝါးတော်အောက် ဆောင်ယူ ပို့ဆက်ရ သော အကြောင်းအရာများကို ထင်ရှားစွာ ထုံးရာဇဝင် စာတန်းထားသတည်း။ ။

ဟု ဖော်ပြပါရှိသည်။ ကျမ်းနိဂုံးတွင်—

ဒွါရာဝတီမြို့ဝန်နေမျိုးဇေယျကျော်ထင် သော်ကား အပြည်ပြည်ဆောင်သောမင်းတို့ မငြိုးမသန်း စေအောင် နှစ်ဖက်လှ လျောက်တင်ပြောဆို ဆောင်ရွက်သမျှကို စာ တန်းထားသည်။ ဤစာတန်း ထွက်ဆိုသည့် အတိုင်း လည်း အမှန်ရှည်စွာ တည်တွန်းရာသော အကြောင်းဖြင့် လင်္ကာ မော်ကွန်းလည်း စီကုံးထားသည်။စာတန်းစကား မှတ်သားမပါကျန်သည်ရာကို စာလင်္ကာတွင် ပညာရှင် တို့ သိမြင်စေကြောင်း၊ ဖြည့်လောင်းမလပ်၊ မော်ကွန်း တပ်သည်။ ။ပညပ်လူမှစွယ်စုံတည်း။ ။

---

၁။ မဇ္ဈိမဒေသအရေးတော်ပုံ က ကျော-ကာ ကျော။

> သက္ကရာဇ် ၁၁၇၅ ခုတန်ဆောင်မုန်းလဆန်း ၅ ရက်နေ့ မဇ္ဈိမဒေသတိုင်းနှင့် အကြောင်းရှိသမျှကို စာတန်းထားသည်။ အမှန်ရှည်စွာ သင့်သောအကြောင်း ဖြစ်၍ ပေထက်အက္ခရာ ကောင်းမွန်သေချာစွာ ပုလဲလုံး စီထားသကဲ့သို့ တင်ပြထားသည်။

ဟု ပါရှိရကား နေမျိုးဇေယျကျော်ထင်သည်ဤကျမ်းကို ၁၁၇၅ ခုတွင် ရေးကြောင်း ထင်ရှား၏။ သို့သော် ဤ အရေး တော်ပုံ အမည်ခံကျမ်းမှာ အရေးတော်ပုံ မဟုတ်၊ စာတန်းသာ ဖြစ်ပေသည်။

နိဂုံးချုပ်အနေနှင့် အထက်တွင်တင်ပြ ဆွေးနွေးခဲ့သည့် အရေးတော်ပုံ အမည်ခံကျမ်းများ ပြဿနာများအပေါ် ထင်မြင်ယူဆချက်များကို အကျဉ်းရုံး၍ တင်ပြပါမည်။

၁။ 'ဓညဝတီအရေးတော်ပုံ' သည် ၁၁၄၉ ခုကုန်ဇလောက်တွင် ကဝိသာရာဘိသိရိပဝရ အဂ္ဂမဟာ ဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဆရာတော်ပြုစုသည့် အရေးတော်ပုံဖြစ်၍ ကျမ်းအပြည့်အစုံရှိသည်။

၂။ 'ရာဇာဓိရာဇ် အရေးတော်ပုံ'ကျမ်းကို ဗညားဒလအမတ်ကြီး ရေးတန်ရာသည်။ ကျမ်းအပြည့်အစုံရှိ၍ အရေးတော်ပုံ စစ်မှန်သည်။

၃။ 'မဂဒူအရေးတော်ပုံ' အမည်ခံကျမ်းမှာ ရာဇာဓိရာဇ် အရေးတော်ပုံမှ တစိတ်တဒေသ ဖြစ်ပေသည်။

---

၁။ ဃေဝမ်း—ကျော။

၄။ 'အလောင်းမင်းတရားကြီး အရေးတော်ပုံ' 'ဘဂျာဝါဒိဂုဏာကရ' ချီမူကို လက်ဝဲနော်ရထာ ရေးသားခဲ့၏။ ကျမ်းကျိုးပေါက်နေ၏။ ပုံမနှိပ်ရသေးချေ။

၅။ 'အလောင်း ဘုရား အရေးတော်ပုံ' အမည်ခံ 'ရတနာပူရ အင်းဝမင်းတို့' အစချီသော စာမှာ အရေးတော်ပုံ မဟုတ်၊ တွင်းသင်းမင်းကြီးရေး မဟာရာဇဝင်သစ်၏ တစိတ်တဒေသ ဖြစ်တန်ရာသည်။

၆။ 'အလောင်းမင်းတရားကြီး အရေးတော်ပုံ' 'အောင်သူတကာတို့၏ အထွတ်ဖြစ်တော်မူသော' ချီမူကို တွင်းသင်းမင်းကြီးရေးတန်ရာသည်။ ကျမ်းပြည့်စုံသည်ဟု ယူဆရ၏။

၇။ 'ဟံသာဝတီ ဆင်ဖြူရှင် အရေးတော်ပုံ' ကို တွင်းသင်းတိုက်ဝန်မဟာစည်သူရေးတန်ရာသည်။ ကျမ်းအပြည့်အစုံပုံမနှိပ်ရသေးချေ။

၈။ 'ညောင်ရမ်းမင်းတရားကြီးအရေးတော်ပုံ' အမည်တွင်သ[illegible]သော အရေးတော်ပုံမဟုတ်ချေ။ ဦးကုလား 'မဟာရာဇဝင်ကြီး မှ' တစိတ်တဒေသနှင့် 'မင်းရဲဒိဗ္ဗချေင်း' မှ ကောက်နုတ်ချက်များ စုပေါင်းထားချက်သာ ဖြစ်သည်။

၉။ 'မဏိမအရေးတော်ပုံ' အမည်ခံကျမ်းမှာ ၁၁၇၅ ခုတွင် ဒွါရာဝတီမြို့ဝန် နေမျိုးဇေယျကျော်ထင် ပြုစုသော ကျမ်း ဖြစ်သည်။ အပြည့်အစုံဖြစ်၏။ ပုံမနှိပ်ရသေးချေ။ အရေးတော်ပုံမဟုတ်၊ **စာတန်း**ဖြစ်သည်။

အရေးတော်ပုံ အမည်ခံကျမ်းတို့သည် အရေအတွက် အားဖြင့် ၉ စောင်ရှိသော်လည်း အကြောင်းအရာအားဖြင့် ၇ မျိုးသာဖြစ်

ပေသည်။ (၁) ဓည၀တီအရေးတော်ပုံ၊ (၂) မဂဒူး အရေးတော်ပုံ၊ (၃) ရာဇာဓိရာဇ် အရေးတော်ပုံ၊ (၄) ဟံသာ၀တီ ဆင်ဖြူရှင်၊ (၅) ညောင် ရမ်း၊ (၆) အ လောင်း မင်း တရားကြီးနှင့် (၇) မဇ္ဈိမဒေသတို့ဖြစ်ပေ၏။ ယင်းတို့တွင် မဂဒူး အရေးတော်ပုံ ညောင်ရမ်း အရေးတော်ပုံ၊ အလောင်းဘုရားအရေးတော်ပုံနှင့် မဇ္ဈိမဒေသ အရေးတော်ပုံ အမည်ခံ ကျမ်းများသည် အရေးတော်ပုံ မဟုတ်သဖြင့် အရေးတော်ပုံ အစစ်အမှန် ၅ စောင်သာရှိပေသည်။ ယင်းတို့ကား (၁) ဓည၀တီ၊ (၂) ရာဇာဓိရာဇ်၊ (၃) ဟံသာ၀တီ ဆင်ဖြူရှင်၊ (၄) နှင့် (၅) အလောင်းမင်းတရားကြီး အရေးတော်ပုံများ ဖြစ်ကြပေသည်။

ဒေါက်တာရီရီ

ကျမ်းပြုအရာရှိ(ကုန်းဘောင်ခေတ်)
မြန်မာနိုင်ငံသမိုင်းကော်မရှင်။

---

၂၄၊ ၁၂ ၁၉၆၇ နေ့ပြုသည့် ဆွေးနွေးပွဲနှိုက် ဖတ်သည် ဦးတင်လှသော် သဘာပတိမှု၏။